မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

March 4 , 2026 Volume 100 , Number 2

၄. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၆.၇၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၄.၁၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀.၈၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၇.၆၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၈၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၇၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၆၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၂.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၅၇ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## နေပြည်တော်တွင် ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်ရေးဇုန်အဖြစ် ဧက ၅၀၀ စိုက်ပျိုးထုတ်လုပ်မည်



နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ကျွန်းတက်ပဲ့ကျေးရွာအုပ်စုနှင့် ကြာပင်ကျေးရွာအုပ်စုတို့တွင် ၂၀၂၅ -၂၀၂၆ခုနှစ်အတွင်း နွေစပါးရာသီမှာပြည်ပတင်ပို့မည့် ဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးဇုန် (Rice Export Zone) အဖြစ် ဧက ၅၀၀ စိုက်ပျိုး ထုတ်လုပ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရပါတယ်။

လက်ရှိမှာ ပြည်တွင်းစားသုံးမှုအတွက် ဆန်စားရေရိက္ခာဖူလုံစေရန်၊ ပြည်တွင်း ဆန်ဈေးကွက်တည်ငြိမ်စေရန်နှင့် မျိုးကောင်းမျိုးသန့်အရည်အသွေးကောင်းဆန်များကို နိုင်ငံတကာ ဈေးကွက်သို့တင်ပို့ ရောင်းချနိုင်ရန် မူဝါဒများချမှတ်ဆောင်ရွက်နေခြင်းဖြစ်တယ်လို့ ၎င်းဦးစီးဌာနမှ သိရပါတယ်။

“နိုင်ငံတော်က တစ်ဧကကိုကျပ်နှစ်သိန်းခွဲနဲ့ ညီမျှတဲ့သွင်းအားစုကွန်ပေါင်းတစ်အိတ်၊ ပုလဲခါတ်မြေဩဇာတစ်အိတ်တို့ကိုအသုံးပြုဖို့ အတိုးမဲ့ဆောင်ရွက်ပေးထားပါတယ်။ သက်ဆိုင်ရာကုမ္ပဏီကလည်း တစ်ဧကကို ကျပ် ၂ သိန်းနှုန်းနဲ့ စိုက်ပျိုးစရိတ်အဖြစ် ထုတ်ချေးပေးထားပြီး စပါးပေါ်ချိန်မှာပေါက်ဈေးဖြင့် ဝယ်ယူသွားမှာဖြစ်ပါတယ်”လို့ အဆိုပါဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အဆိုပါ Rice Export Zone ကို တောင်သူ ၁၄၁ ဦးဖြင့် ဧက ၅၀၀ စိုက်ပျိုးထုတ်လုပ်မှာဖြစ်ပြီး စိုက်ပျိုးရန် တောင်သူများအကြိုက် နံ့ကောက်၊အောင်နိုင်တိုးနှင့် GW–11 မျိုး ၃ မျိုးကိုပေးထားပြီးဖြစ်တဲ့အတွက် ကြိုက်နှစ်သက်ရာမျိုးတစ်မျိုးလျှင် ဧက ၅၀ တစ်ကွင်း တဆက်တည်းစိုက်ပျိုးထားတယ်လို့ စိုက်ပျိုးရေးဦးစီးဌာနမှ သိရပါတယ်။

ထို့ပြင် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် Rice Export Zone တွင် ပါဝင်စိုက်ပျိုးထုတ်လုပ်သွားမည့် တောင်သူများအတွက် မျိုးနှင့်သွင်းအားစုများ အချိန်မီရရှိရေး ပန်းတိုင်

အထွက်နှုန်းရရှိရေးအတွက် နည်းပညာပေးလုပ်ငန်းများအပြင် သီးနှံများပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှုမရှိစေရန် ဘက်စုံပိုးမွှား ကာကွယ်နှိမ်နင်းနည်းစနစ်များကို ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်းလည်း သိရပါတယ်။

အဆိုပါ Rice Export Zone ကိုမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံလယ်ယာစီးပွါးရေးအများပိုင်ကုမ္ပဏီလီမိတက် ( MAPCO)နှင့် ဒေသခံတောင်သူတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ထိုအတွက် စိုက်ပျိုးရေကိုလည်း နေပြည်တော် ငလိုက်ဆည်မှ ပေးဝေနေကြောင်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ကြံချောင်းဈေးတက်လာသဖြင့် ကြံရည်ကြိတ်ရောင်းသူများတွက်ခြေမကိုက်ဟုဆို




ပွင့်လင်းရာသီဝင်ရောက်လာ၍ ကြံရည်ကြိတ်ရောင်းဆိုင်များ ဖွင့်လှစ် ရောင်းချလာကြသော်လည်း ယခုနှစ်တွင်ကြံချောင်းဈေးတက် သဖြင့် ကြံရည်သမားများ တွက်ခြေမကိုက်ကြောင်း ကြံရည်ကြိတ် ရောင်းသူတွေက ပြောပါ တယ် ။

"မနှစ်ကကြံဆယ်ချောင်းကို ကျပ် ၇၀၀၀-၈၀၀၀ ပဲဝယ်ရတာ၊ ဒီနှစ် ကကြံဆယ်ချောင်းကို ကျပ် ၁၂,၀၀၀-၁၃,၀၀၀ အထိပေးဝယ်နေရတော့ တွက်ခြေမကိုက်ဘူး" လို့ နေပြည်တော်ရှိ ကြံရည်ရောင်းသူတစ်ဦးက ပြောပါတယ်။

နေပြည်တော်ဒေသတွင် သကြားစက်များရှိသဖြင့် ကြံစိုက်တောင် သူများအနေဖြင့် ကြံများကို သကြားစက်များသို့ ပို့ဆောင်ရောင်းချပြီး ပိုလျှံသည့်ကြံများကိုသာ မြို့ပေါ်ရှိ ကြံရည်ကြိတ်ရောင်း သူများထံပြန်ရောင်းကြကြောင်း သိရပါတယ်။

"ကြံစိုက်တဲ့သူတွေက သကြားစက်တွေရောင်းပြီး ပိုတဲ့ကြံတွေကို ကြံရည်ဆိုင်တွေကိုခုတ်ရောင်းကြတာ၊ သကြားစက်ကို သွင်းတာကတော့ တန်ချိန်နဲ့ပေါ့။ ကျွန်တော်တို့တွေကတော့ ကြံအချောင်းသန့်တာတွေ ဆယ်ချောင်းအစည်း လိုက်ဝယ်ရတာ ပေါ့၊ ဒီနှစ်က ကြံစိုက်သူနည်းတော့ ဈေးပိုပေးပြီးဝယ်ရတယ်" လို့ ကြံရည်ကြိတ် ရောင်းသူတစ်ဦးက ပြောပြပါတယ်။

**Source:** https://opinionleadersmedia.com/

## ဆန်အိတ်များ အိမ်အရောက်ပို့ဆောင်ရောင်းချရာတွင် မတ်လအတွက် ဆန်အချို့ ဈေးအနည်းငယ် ပြောင်းလဲ



မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များ အသင်းတို့ ပူးပေါင်း၍ ဆန်ဈေးနှုန်းများ တည်ငြိမ်မှုနကန်စေရေးအတွက် ဆန်အိတ်များ အိမ်အရောက်ပို့ဆောင်စနစ်ဖြင့် ရောင်းချရာတွင် မတ်လ အတွက် ဆန်အချို့ ဈေးအနည်းငယ် ပြောင်းလဲလာကြောင်း သိရသည်။

ထိုသို့ရောင်းချရန်အတွက် နိုဝင်ဘာလ ၂၆ ရက်က စတင်အော်ဒါ ကောက်ယူခဲ့ပြီး မတ်လအတွက် ရွှေဘိုပေါ်ဆန်း ၂၄ ပြည်တစ်အိတ်လျှင် ၁၆၅,၀၀၀ကျပ်၊ ရေဝတီပေါ်ဆန်း (ကြားပျံ) ၂၄ ပြည် တစ်အိတ်လျှင် ၁၄၀,၀၀၀ကျပ်၊ ရေဝတီပေါ်ဆန်း (နယ်စုံ) ၂၄ ပြည်တစ်အိတ်လျှင် ၁၁၂,၀၀၀ကျပ်၊ ရက် (၉၀) ၂၄ ပြည် တစ်အိတ်လျှင် ၇၅,၀၀၀ ကျပ်၊ ဧည့်မထ (၁၅)မှတ် ၂၄ ပြည်တစ်အိတ်လျှင် ၅၆,၀၀၀ ကျပ်

တို့ဖြင့်ရောင်းချသွားမည်ဖြစ်ကြောင်းသိရသည်။

ပြီးခဲ့သည့် ဇန်ဝါရီလအချက်အလက်များအရ ရွှေဘိုပေါ်ဆန်း (၂၄)ပြည် ဆန်ဟောင်းတစ်အိတ်လျှင် ၁၈၂,၀၀၀ ကျပ်၊ ရွှေဘိုပေါ်ဆန်း ၂၄ ပြည် ဆန်သစ်တစ်အိတ်လျှင် ၁၅၅၀၀၀ ကျပ်ဖြစ်ပြီး ဧရာဝတီပေါ်ဆန်း(ကြေးပျံ) (၂၄)ပြည် ဆန်သစ် တစ်အိတ်လျှင် ၁၃၀,၀၀၀ကျပ်နှင့် ဧည့်မထ (၁၅) မှတ်(၂၄)ပြည်တစ်အိတ်လျှင် ၅၂,၀၀၀ကျပ်တို့ဖြင့် ရောင်းချခဲ့သည့်အတွက် ဆန်အချို့ဈေးအနည်းငယ်တက်လာကြောင်းသိရသည်။

အဆိုပါ ဆန်များ ဝယ်ယူရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ ဖုန်းနံပါတ်များဖြစ်သော ၀၉-၄၀၀၀၆၇၂၄၀၊ ၀၉-၄၀၀၀၆၇၂၅၀၊ ၀၉-၄၀၀၀၆၇၂၆၀ သို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပြီး မှာယူလိုသည့် ဆန်အမျိုးအစား၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို SMS or Viber Message ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ပေးပို့ပြီး နောက် ဝယ်ယူသူထံသို့ အဆိုပါ ဖုန်းနံပါတ်များမှ ချက်ချင်းပြန်လည်ဆက်သွယ်မည်ဖြစ်၍ ယင်းဖုန်းနံပါတ်မှပြောသည့် KBZ pay နံပါတ်ကိုသာ ငွေကြိုပေးသွင်းရမည်ဖြစ်ပြီး ငွေသွင်းပြီးစီးကြောင်းကို Viberသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ငွေပေးသွင်းသည့်နေ့မှစ၍ ရုံးဖွင့်ရက် ၃ ရက်အတွင်း ပေးပို့ထားသည့်လိပ်စာများအတိုင်း ဆန်များကို Delivery အခမဲ့ဖြင့်ပို့ဆောင်ပေးမည်ဖြစ်သော်လည်း အထပ်မြင့်သို့ပို့ဆောင်ရပါကထိုက်သင့်သည့် ဝန်ဆောင်ခထပ်မံပေးရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အိမ်တိုင်ရာ ရောက်စနစ်အပြင် ကားဖြင့် ရပ်ကွက်များသို့ လှည့်လည်၍ အိတ်အသေး (10 Kg, 5 Kg) များ လိုက်လံရောင်းချပေးမှုများလည်း ရှိနေကြောင်း သိရသည်။

Source : https://npnewsmm.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၃-၂-၂၀၂၆ မှ ၂၇-၂-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၂,၉၉၅,၀၀၀၊ မတ်ပဲ SQ/RC (2025 Crop) ကျပ် ၃,၃၄၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၃၀,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2025 Crop) ကျပ် ၂၀,၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2025 Crop) ကျပ် ၂၅,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၄၄,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2025 Crop) ကွန်တိန်နာ ၁၅၅ လုံး (တန်ချိန် ၃၇၂၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၇၀ လုံး (တန်ချိန် ၁၆၈၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2025 Crop) ကွန်တိန်နာ ၉၅ လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop) ကွန်တိန်နာ ၁၂၀ လုံး (တန်ချိန် ၂၈၈၀)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲကွန်တိန်နာ ၆၀ လုံး(တန်ချိန် ၁၄၄၀) လျော့နည်းဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၇,၀၀၀၊ မြားနီ(သစ်) ကျပ် ၁၆,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၂၇,၅ ၀၀ ၊ဟင်္သာတမိုးထောင် ကျပ် ၁၅,၀၀၀ နှင့် ဇီးပွပု(သစ်) ကျပ် ၂၁,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ် (သစ်) AC ကျပ် ၁၂၀၀ နှင့် မြားနီ(သစ်) ကျပ် ၂၀၀

ဈေးကျဆင်းခဲ့ပြီး ဆင်ဖြူကျွန်း(ပု) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ယခင်အပတ်က ရေတ်ရှည်အိတ်ပေါင်း ၆၃၀၀ (၁၂၆,၀၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၆၀၀ (၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည်အိတ်ပေါင်း ၆၉၃၀ (၁၃၈,၆၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၉၀၀ (၁၃,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရေတ်ရှည်အိတ်ပေါင်း ၆၃၀ (၁၂,၆၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၃၀၀ (၄,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၆၀၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်း များမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၂၈၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၂၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၇၀၀၊ ရေစကြိုထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၈၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာ မလိုင်(ဒုံး) ကျပ် ၈၀ နှင့် ညောင်ဦး ဆေးရှယ် (ထန်း) ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၂၃-၂-၂၀၂၆ မှ ၂၇-၂-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့ နှင့် မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၆၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၇၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၇၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၄၀၀ ၊ မြစ်သားသစ်ရှယ် ကျပ် ၂၀၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၂၈၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၃၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၄၀၀ နှင့် ဆိပ်ဖြူလတ်ချော ကျပ် ၃၅၀ ၊မြစ်သားသစ်ရှယ် ကျပ် ၂၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၈၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၃၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်ကကားစီးရေ ၁၄၀ စီး(၈၄၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ကားစီးရေ ၁၇၈ စီး (၁,၀၆၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၈ စီး (၂၂၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၁,၆၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ် (ရှယ်) ကျပ် ၇၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၇၄၅ (၈၂,၃၅၀ ပိဿာ) ဝင်ရောက်

ခဲ့ပြီးယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၃၄၃၅ (၁၀၃,၀၅၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၆၇၀ (၂၀,၇၀၀ ပိဿာ) ပိုမိုဝင်ရောက် ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့ နှင့် တရုတ်မှ အာလူးများနေ့စဉ် ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၂၇၀၀၊ အောင်ပန်း OK ကျပ် ၃၃၀၀၊ အောင်ပန်း S1 ကျပ် ၃၃၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၆၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း အောင်ပန်း S2 ကျပ် 1၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်အာလူးများ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင် ရောက်မှုမှာ ယခင်အပတ်က အာလူးကားစီးရေ ၂၂ စီး (၁၃၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၃၄ စီး (၂၀၄,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ကြောင့်ယခင်အပတ်ထက် အာလူးကားစီးရေ ၁၂ စီး (၇၂,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကုန်သွယ်မှု သဘောတူညီချက်အရ အမေရိကန်နိုင်ငံမှ မျိုးဆက်ပွား ကြက်ကောင်ရေ ၅၈၀,၀၀၀ ဝယ်ယူရန် အင်ဒိုနီးရှားနိုင်ငံ သဘောတူ



အင်ဒိုနီးရှားနိုင်ငံသည် မကြာသေးမီက နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးခဲ့သည့် အပြန်အလှန်ကုန်သွယ်မှု သဘောတူညီချက် (Reciprocal Trade Agreement) ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်နိုင်ငံထံမှ Grandparent Stock (GPS) ဟု ခေါ်ဆိုသော အရည်အသွေးမြင့် မျိုးဆက်ပွားကြက် (မျိုးသန့်ကြက်) ကောင်ရေ ၅၈၀,၀၀၀ ကို တင်သွင်းရန် စီစဉ်နေသည်။

အဆိုပါ တင်သွင်းမှုသည်ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ သန်း ၂၀ ခန့် တန်ဖိုးရှိမည် ဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ Haryo Limanseto က လက်ရှိတွင် အင်ဒိုနီးရှားနိုင်ငံ၌ မရှိသေးသည့် အဆင့်မြင့်ကြက်မျိုးရိုးဗီဇဆိုင်ရာလိုအပ်ချက်များကိုဖြည့်ဆည်းရန်အတွက် ပြည်တွင်းမွေးမြူရေးသမားများ၏ အရေးပေါ် တောင်းဆိုမှုအရ ယခုကဲ့သို့ တင်သွင်းရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

GPS (မျိုးဆက်ပွားကြက်) များသည် မျိုးရိုးဗီဇဆိုင်ရာအရင်းအမြစ်အဖြစ် ပြည်တွင်းကြက်မွေးမြူရေးသမားများအတွက် အလွန်အမင်း လိုအပ်နေခြင်းဖြစ်ပြီး၊ အင်ဒိုနီးရှားနိုင်ငံတွင် GPS မျိုးပွားထုတ်လုပ်သည့်စက်ရုံနှင့်အဆောက်အအုံများမရှိသေးပါ ဟု Haryo က ထုတ်ပြန်ချက်တွင် ထည့်သွင်းပြောကြားခဲ့သည်။

မျိုးဆက်ပွားကြက်များအပြင် အင်ဒိုနီးရှားနိုင်ငံသည် အခြားသော အမေရိကန် တိရစ္ဆာန်ထွက်ကုန် အမျိုးမျိုးအတွက်လည်း ဈေးကွက်တံခါး ဖွင့်လှစ်ပေးသွားမည် ဖြစ်သည်။

ယင်းတို့တွင် မျိုးပွားနွားများ၊ အသားတိုးနွားများနှင့် အသားစားနွားများအပြင် ဝက်၊ မြင်း၊ သိုးနှင့် ဆိတ်များလည်း ပါဝင်သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် ဝက်အူချောင်းနှင့် နဂ္ဂတ်(nuggets) ကဲ့သို့သောအသင့်စားအစားအစာထုတ်လုပ်ရေး လုပ်ငန်းများအတွက် ကုန်ကြမ်းအဖြစ်အသုံးပြုရန်အရိုးနွှင်ပြီးသားအသား (mechanically deboned meat) တန်ချိန် ၁၂၀,၀၀၀ မှ ၁၅၀,၀၀၀ ကြားကို နှစ်စဉ် ပုံမှန်တင်သွင်းသွားရန်လည်း ကတိပြုထားသည်။

ယခု ကုန်သွယ်မှုသဘောတူညီချက်အရတင်သွင်းမှုများတိုးမြှင့်လိုက်ခြင်းသည် ပြည်တွင်းမွေးမြူရေး ထုတ်လုပ်သူများကို ထိခိုက်စေမည်မဟုတ်ကြောင်း Haryo က အလေးပေး ပြောကြားခဲ့သည်။

အကြောင်းမှာ အစိုးရအနေဖြင့်ဈေးနှုန်းတည်ငြိမ်စေရန်နှင့်နိုင်ငံတွင်း အသားထောက်ပံ့မှု မျှတစေရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သောကြောင့်ဖြစ်သည်။

အစိုးရအနေဖြင့် ပြည်တွင်း မွေးမြူရေးသမားများကို ကာကွယ်ရန်နှင့်နိုင်ငံတွင်း ကြက်သား ထောက်ပံ့မှုနှင့် ဈေးနှုန်းမျှတမှုကို ထိန်းသိမ်းရန် ဆက်လက်ဦးစားပေးဆောင်ရွက်လျက်ရှိပြီး၊ ပြည်တွင်းလုပ်ငန်းများကို အနစ်နာခံစေမည့် မည်သည့်မူဝါဒမျိုးမျှမရှိကြောင်း အဆိုပြုခဲ့ကြောင်း သိရသည်။

**Source :Xinhua**

**DOCA(ရန်ကုန်)**

## ထိုင်ဝမ်၏ နဂါးမောက်သီး၊ လိုက်ချီးသီးနှင့် ဆီးသီး (Jujube) တို့ကို ဥရောပသမဂ္ဂသို့ တင်ပို့ခွင့်ရရှိ



ထိုင်ဝမ်၏ သစ်သီးဝလံတင်ပို့မှုတွင် နောက်ထပ်အောင်မြင်မှုတစ်ခုရရှိခဲ့ပြီး၊ ဆီးသီး (Jujubes)၊ နဂါးမောက်သီးနှင့် လိုက်ချီးသီးများကို ဥရောပသမဂ္ဂ (EU) သို့ တင်ပို့ရန် ခွင့်ပြုချက်ရရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

တိရစ္ဆာန်နှင့် အပင်ကျန်းမာရေး စစ်ဆေးရေးအေဂျင်စီသည် ဥရောပသမဂ္ဂထံမှ အဆိုပါခွင့်ပြုချက်အတွက် တရားဝင်အကြောင်းကြားစာ လက်ခံရရှိခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန် သည်။

ဤဆုံးဖြတ်ချက်သည်ထိုင်ဝမ်သစ်သီးဝလံထုတ်လုပ်သူများအတွက် ဥရောပ၏အရည်အသွေးမြင့်ဈေးကွက်များသို့ဝင်ရောက်နိုင်မည့် အခွင့်အလမ်းကို ပိုမိုကျယ်ပြန့်စေမည်ဟု မျှော်လင့်ရသည်။

ဝန်ကြီးဌာန၏ အချက်အလက်များအရ ထိုင်ဝမ်သည် ယခင်နှစ်က လိုက်ချီးသီး တန်ချိန် ၁၂၆ တန် တင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ၄၈ သန်း ရှိ ကြောင်း သိရသည်။

ယင်းအနက် တန်ချိန် ၁၀၂ တန်မှာဂျပန်နိုင်ငံသို့တင်ပို့ခြင်းဖြစ်ပြီး အခြားတင်ပို့သည့်နိုင်ငံများ မှာ နယူးဇီလန်၊ ဟောင်ကောင်၊ အမေရိကန်နှင့် သြစတြေးလျတို့ ဖြစ်သည်။ ဆီးသီး (Jujube) တင်ပို့မှုမှာ တန်ချိန် ၁၀၃ တန်ရှိပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၁၄,၀၀၀ ရှိကာ အဓိက အားဖြင့် တရုတ်၊ ဟောင်ကောင်၊ ကနေဒါနှင့် ဂျပန်နိုင်ငံတို့ သို့ တင်ပို့ခဲ့သည်။

နဂါးမောက်သီးတင်ပို့မှုမှာ တန်ချိန် ၁၄၃ တန်ရှိပြီးတန်ဖိုးအားဖြင့်အမေရိကန်ဒေါ်လာ ၅၀၆,၀၀၀ ရှိကာ ဟောင်ကောင်၊ ဂျပန်နှင့် ကနေဒါနိုင်ငံတို့သည် အဓိက ဈေးကွက်များ ဖြစ်ကြသည်။

ပြည်ပ ဈေးကွက်များ ချဲ့ထွင်ရန်အတွက် ကြာရှည်စွာ ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ပြီးနောက်၊ ဥရောပသမဂ္ဂ (EU) သည် ပြီးခဲ့သည့် ကြာသပတေးနေ့တွင် ထိုင်ဝမ်၏ ကိုယ်စားလှယ်ရုံးထံ တရားဝင် အကြောင်းကြားခဲ့သည်။

အကြောင်းမှာ ထိုင်ဝမ်တွင် စိုက်ပျိုးသော ဆီးသီး၊ နဂါးမောက်သီး (အဖြူနှင့် အနီရောင် အမျိုးအစားနှစ်မျိုးလုံး) နှင့် လိုက်ချီးသီးတို့ကို တင်သွင်းရန် ခွင့်ပြုချက်ပေးလိုက်ကြောင်းနှင့် ယင်းခွင့်ပြုချက်မှာ ချက်ချင်းအကျိုးသက်ရောက်မှုရှိမည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ပြောကြားခဲ့သည်။

ဥရောပသမဂ္ဂ (EU) ၏ သစ်သီးဝလံထုတ်လုပ်မှုမှာ သမပိုင်းရာသီဥတုတွင် ဖြစ်ထွန်းသော သစ်သီးမျိုးစိတ်များကိုသာ အဓိက ထား၍ စိုက်ပျိုးလေ့ရှိသဖြင့် ဆီးသီး (Jujubes)၊ နဂါးမောက်သီးနှင့် လိုက်ချီးသီးတို့ကဲ့သို့ အပူပိုင်းဒေသသစ်သီးဝလံများကို

ၚင်းတို့ဒေသတွင် စိုက်ပျိုးမှုနည်းပါးကြောင်း အေဂျင်စီက ဆိုသည်။

ငင်းသစ်သီးများ၏ အရည်အသွေးမြင့်မားမှုနှင့်ထူးခြားသောအရသာတို့ကြောင့်ဥရောပဈေးကွက်တွင် အလားအလာကောင်းများစွာရှိနေသည်ဟုလည်း ဖော်ပြထားကြောင်း သိရသည်။

**Source :Dailynews**

**DOCA(ရန်ကုန်)**

## STOCK EXCHANGE (4.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,251 (Shares) | 67,046,550 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,200 | -100 | -1.08% | 9,200 | 9,200 | 9,100 | 707 | 6,486,100 | 33,109,694 | 304,609 |
| MTSH | 00002 | 5,000 | +100 | +2.04% | 4,900 | 5,100 | 4,900 | 4,067 | 20,095,900 | 38,929,150 | 194,646 |
| MCB | 00003 | 8,300 | -200 | -2.35% | 8,300 | 8,300 | 8,300 | 10 | 83,000 | 10,400,986 | 86,328 |
| FPB | 00004 | 3,400 | +50 | +1.49% | 3,150 | 3,400 | 3,150 | 11,784 | 38,807,200 | 29,664,613 | 100,860 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 119 | 360,050 | 12,823,224 | 39,111 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,650 | 1,700 | 1,650 | 401 | 666,650 | 19,977,223 | 33,961 |
| AMATA | 00007 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 11 | 43,450 | 10,497,598 | 41,466 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,300 | 3,350 | 3,300 | 152 | 504,200 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 4th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 466.94 | +0.53 | +0.11% | 462.93 | 468.79 | 461.07 | 17,251 | 67,046,550 | 8 | 880,728 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 4th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 19,301 (Shares) | 142,969,050 (MMK) |

### Main Board

As of 1:00 pm, 4th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,251 (Shares) | 67,046,550 (MMK) |

| MYANPIX | 466.94 ▲ 0.53 |
|---|---|
| Total Volume (shares) | 17,251 |
| Total Value (MMK) | 67 mil |
| Listed Company | 8 |
| Market Cap. (MMK) | 880,728 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,200 | ▼ 100 |
| MTSH | 00002 | 5,000 | ▲ 100 |
| MCB | 00003 | 8,300 | ▼ 200 |
| FPB | 00004 | 3,400 | ▲ 50 |
| TMH | 00005 | 3,050 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 3,950 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 0 |